စိတ်ကူးချိုချိုအနုပညာ

mgyoe.com

အမှတ် ၄

# လောကနီတိ

## လူယုတ်မာနှင့်မိတ်ဆွေဆိုင်ရာအခန်း

# ပုံပြင်ဆေးရောင်ခြယ်

ကာတွန်းဗိုသံစီစဉ်သည်



CARTOON BOTMAN

mgyoe.com

mgyoe.com



သင့်ကလေးကို
ဆေးရောင်ခြယ်ဆော့ကစားရင်း
လောကနီတိများကို
မှတ်သားမိသွားစေပါမည်။

လောက လူအပေါင်းတို့၏
အနှစ်သာရလည်း မည်၏။
မိဘလည်း မည်၏။
ဆရာလည်း မည်၏။
အဆွေခင်ပွန်းလည်း မည်၏။
ထို့ကြောင့် နီတိကျမ်းကို
သင်ကြားတတ်မြောက်သော
လူအပေါင်းသည်
အကြားအမြင်များသော၊
မြင့်မြတ်သော ဉာဏ်ကြီးရှင် ဖြစ်၏။
လောကနီတိ




# Paint Brushes

BOT0006
500.00 KS

mgyoe.com

mgyoe.com

mgyoe.com



ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၁၃၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။

ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၊ မဟိဆိပ်လမ်း၊ ရန်ကင်း။

စောင်ရေ - ၅၀၀။

mgyoe.com



လူမိုက်သည် ခွန်အားရှိသော်မကောင်း၊ (သူတစ်ပါး)ပစ္စည်းကို အနိုင်အထက် ယူတတ်၏။
အသိတရားမဲ့သော ထိုလူမိုက်သည် သေသည်၏နောက်တွင် ငရဲသို့ ရောက်ရတတ်၏။


mgyoe.com



အိမ်တွင် ဖျက်ဆီးတတ်သူကား ကြွက်တည်း။
တောတွင် ဖျက်ဆီးတတ်သူကား မျောက်တည်း။
ငှက်တွင် ဖျက်ဆီးတတ်သူကား ကျီးတည်း။
လူတွင် ဖျက်ဆီးတတ်သူကား ပုဏ္ဏားတည်း။

mgyoe.com

mgyoe.com



အိပ်မပျော်သော သူအဖို့ ညတာရှည်၏။

ခရီးပန်းသောသူအဖို့ တစ်ယူဇနာ ခရီးသည် ရှည်၏။

တရားမြတ်ကို မသိသော လူမိုက်တို့အဖို့ သံသရာသည် ရှည်၏။


mgyoe.com



သဘောယုတ်သူသည် သူတစ်ပါးတို့၏ နှမ်းစေ့မျှသော အပြစ်ငယ်ကိုလည်း မြင်တတ်၊ တွေ့တတ်၏။ အုန်းသီးမျှသော မိမိ၏ အပြစ်ကိုမူ မမြင်မတွေ့တတ်။


mgyoe.com

mgyoe.com



လိပ်သည် ကိုယ်လက်အင်္ဂါတို့ကို ဖုံးဝှက်တတ်သကဲ့သို့ ပညာရှိသည်
မိမိ၏ အားနည်းချက်ကို ဖုံးဝှက်ရာ၏။ သူတစ်ပါး မသိစေရာ။
သူတစ်ပါးတို့၏ အားနည်းချက်ကိုမူ သိအောင်ပြုရာ၏။

mgyoe.com



လူမိုက်၏ ပညာရှိအား ချီးမွမ်းခြင်းသည် ဒဏ်ပေးသည်မည်၏။
ပညာရှိကို ပညာရှိက ချီးမွမ်းခြင်းသာလျှင် ချီးမွမ်းသည် မည်၏။

mgyoe.com




လောဘကြီးသူကို တံစိုးလက်ဆောင်ဖြင့် သိမ်းသွင်းရာ၏။

ဒေါသကြီးသူကို လက်အုပ်ချီနှိမ့်ချခြင်းဖြင့် သိမ်းသွင်းရာ၏။

မောဟကြီးသူကို အလိုသို့လိုက်သဖြင့် သိမ်းသွင်းရာ၏။

ပညာရှိကို အမှန်အတိုင်းပြောခြင်းဖြင့် သိမ်းသွင်းရာ၏။

mgyoe.com



mgyoe.com

အကျိုးစီးပွားကို ပြုတတ်သော သူစိမ်းသည် ဆွေမျိုးမည်၏။ အကျိုးစီးပွားကို မပြုတတ်သော ဆွေမျိုးသည် သူစိမ်းမည်၏။ အနာရောဂါသည် (မိမိ) ကိုယ်တွင် ဖြစ်ပါလျက် အကျိုးစီးပွားကို မပြုတတ်၊ ဆေးဝါးသည် တောတွင် ဖြစ်ပါလျက် အကျိုးစီးပွားကို ပြုတတ်၏။

mgyoe.com